# မြန်မာနိုင်ငံ။ ။တိုးတက်လာခြင်း၊ သို့သော် ညှဉ်းပန်းမှုများဆက်ရှိနေဆဲ

***နိုင်ငံရေးအကျဉ်းသားများအားလုံးအား လွှတ်ပေးရန် သေချာအောင်လုပ်ပါ၊ ပဋိပက္ခဖြစ်ပွားသည့်နေရာများတွင် ချိုးဖောက်မှုများကိုရပ်ဆိုင်းပါ။***

(နယူးရောက်၊ ဇန္နဝါရီလ ၂၃၊ ၂၀၁၂) – ၂၀၁၁ တွင် မြန်မာနိုင်ငံ အစိုးရသစ်က ပြောင်းလဲမှုလက္ခဏာများကို ပြခဲ့သော်လည်း၊ နိုင်ငံတွင်း လူ့အခွင့်အရေးအခြေအနေ ဆိုးရွားနေမှုကို လေးလေးနက်နက် ကိုင်တွယ်ဖြေရှင်းရန် တာဝန်ပျက်ကွက်လျှက်ရှိသည် ဟု ယနေ့ထုတ်ပြန်လိုက်သည့် *၂၀၁၂ ကမ္ဘာ့အစီရင်ခံစာ* တွင် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ဆိုသည်။ အစိုးရသည် ၂၀၁၂ နှစ်ဆန်းပိုင်းတွင် နိုင်ငံရေးအကျဉ်းသား ရာချီအား ပြန်လည်လွှတ်ပေးခြင်းဖြင့် ပြောင်းလဲမကြို ဆက်လုပ်ခဲ့သည်။

စစ်အရာရှိဟောင်းများဖြင့် ဖွဲ့စည်းထားသည့် အစိုးရသစ်က အမျိုးသားပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကို ၂၀၁၁ တွင် နှစ်ကြိမ်အစည်းအဝေး ကျင်းပခဲ့ပြီး၊ လွှတ်လပ်စွာစုဝေးခွင့်၊ ကုန်သည်အဖွဲ့များဖွဲ့ခွင့်ဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းခဲ့ပြီး၊ တရားဝင်မီဒီယာဆင်ဆာဖြတ်မှုများအား လျှော့ချခဲ့သည်။ ဒီမိုကရေစီအုပ်ချုပ်မှုကို တိုးတက်အောင်၊ လူ့အခွင့်အရေးများကို လေးစားပြီး၊ ဥပဒေ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြောင်းလဲမှုများကို ပြုလုပ်သွားမည် ဟု အစိုးရက ကတိပြုခဲ့သည်။ သို့သော်၊ နှုတ်ကတိအပြောများတွင် ပါသည့် ပြောင်းလဲမများက လက်ရှိဖြစ်ပျက်နေသည့် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြေရှင်းပေးနိုင်ခြင်းမရှိခဲ့၊ အထူးသဖြင့် တိုင်းရင်းသား လူနည်းစု နေထိုင်ရာ နေရာများတွင် အချိန်ကြာဖြစ်နေဆဲ လက်နက်ပဋိပက္ခများ၌ ညှဉ်းပန်းမှုများကို မဖြေရှင်းနိုင်ခဲ့ဟု လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ကဆိုသည်။

'အရေးပါတဲ့ နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးခြင်းဟာ အင်မတန်အရေးကြီးတဲ့ အဆင့်တခုပါပဲ။ မြန်မာအစိုးရသစ်က ပြုပြင်ပြောင်းလဲမှုလုပ်ရန် ကတိကဝတ်များပေးခဲ့ပါတယ်၊ ဒါပေမယ့်ဆယ်စုနှစ်ချီပြီး ဖြစ်နေတဲ့လူ့အခွင့်အရေးချိုးဖောက်မှုကိုလည်း ရပ်ဆိုင်းအောင် လုပ်ရမယ်' ဟု လူ့အခွင့်အရေးစောင့်ကြည့် လေ့လာရေးအဖွဲ့၏ အာရှဒေသဆိုင်ရာ လက်ထောက်ဒါရိုက်တာ Elaine Pearson ကဆိုသည်။ '၂၀၁၁ က သတိနဲ့ အကောင်းမြင် ဝါဒ ကို ဖြစ်စေခဲ့တဲ့နှစ် ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် ဆိုးရွားတဲ့ ညှဉ်းပန်းမှုများ တော်တော်လေး ကျဆင်းလာတာ မတွေ့ရဘူး။ ဥပဒေသစ်တွေပြဋ္ဌာန်းလိုက်ခြင်းက တရားဥပဒေစိုးမိုးရေးကိုလေးစားခြင်းအတွက် အစားထိုးတာ မဟုတ်ဘူး'

စာမျက်နှာ ၆၇၆ ရှိသည့် *၂၀၁၂ ကမ္ဘာ့အစီရင်ခံစာ* တွင် အာရပ်ဒေသများ၌ လူတွေ မထင်မှတ်ဘဲဖြစ်ပေါ်ခဲ့သည့် လူထုအုံကြွမများအကြောင်း အပါအဝင်၊ နိုင်ငံပေါင်း ၉၀ ကျော်အတွင်း လွန်ခဲ့သည့်နှစ်မှ လူ့အခွင့်အရေးတိုးတက်မပြုအခြေအနေအား လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ဆန်းစစ်လေ့လာထားသည်။ 'Arab Spring' ကို ဆန့်ကျင်ဟန့်တားသည့် အကြမ်းဖက်လုပ်ဆောင်မှုများရှိတာကို ကြည့်ခြင်းအားဖြင့်၊ ဒေသတွင်း လူ့အခွင့်အရေး လေးစားသည့် ဒီမိုကရေစီ ဖြစ်ထွန်းလာဖို့ ကူညီထောက်ပံ့ရန် နိုင်ငံတကာအသိုင်းအဝန်း၌ အရေးကြီးသည့်တာဝန် ရှိသည် ဟု လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က အစီရင်ခံစာတွင် ဆိုထားသည်။

ဒီဇင်ဘာလတွင် မြန်မာအတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က သူမ၏ NLD ပါတီ အား ပြန်လည်မှတ်ပုံတင်ပြီး၊၂၀၁၂ ဧပြီလရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ကြေငြာခဲ့သည်။ စုကြည်က သမ္မတသိန်းစိန် အပါအဝင် အစိုးရခေါင်းဆောင်ကြီးများဖြင့် တွေ့ဆုံပြီး အစိုးရ၏ပြုပြင်ပြောင်းလဲမည့် လုပ်ငန်းအစီအစဉ်များကို ထောက်ခံကြောင်းပြောခဲ့သည်။ မေလနှင့် အောက်တိုဘာတွင် လွှတ်ငြိမ်းချမ်းသာခွင့်ကို နှစ်ကြိမ်ပြုလုပ်ခဲ့ရာ၊ လွှတ်ပေးခဲ့သည့် နိုင်ငံရေးအကျဉ်းသားမှာ ၃၁၆ ယောက်ခန့်သာ ဖြစ်သည်။ ၂၀၁၂ ဇန္နဝါရီလတွင် အကျဉ်းသား ၆၅၁ ဦးအား လွှတ်ပေးခဲ့သည်။ ၁၉၈၈ တွင် စစ်အစိုးရအား တော်လှန်ခဲ့သည့် လူထုတော်လှန်မကြီး၌ ပါဝင်ခဲ့သည့် ထင်ပေါ်ကျော်ကြားသည့် ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ဝင်များ၊ သံဃာတော်များနှင့် သတင်းထောက်များ အပါအဝင် နိုင်ငံရေး အကျဉ်းသား အနည်းဆုံး ၂၈၇ ယောက် က ထိုလွှတ်ပေးမတွင်ပါခဲ့သည်။ သို့သော်မြန်မာနိုင်ငံအစိုးရက လွှတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်အား ငြိမ်းချမ်းစွာဖော်ဆောင်မအတွက် လူပေါင်း ထောင်ချီအား အကျဉ်းချခဲ့သည်။ ကျန်ရှိနေသေးသော နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေ၊ မည်သည့်နေရာတွင် အကျဉ်းချထားကြောင်းများကို လူသိရှင်ကြား အစီရင်ခံခြင်းနှင့် လွှတ်လပ်သည့် အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်ဆောင်မများအား အကျဉ်းထောင်များသို့သွားရောက်နိုင်ဖို့ မြန်မာအစိုးရက သဘောတူရန် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ က တောင်းဆိုသည်။

၂၀၁၂ ဇန္နဝါရီလတွင် မြန်မာအစိုးရက ကရင်အမျိုးသားအစည်းအရုံး၊ ကချင်ပြည်လွှတ်လပ်ရေးအဖွဲ့တို့ဖြင့် အပစ်အခတ်ရပ်စဲမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုအား တဖွဲ့ချင်းစီ အစပျိုးလုပ်ဆောင်ခဲ့သည်။ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) နှင့် 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ စသည့် အခြား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ၂၀၁၁ ကုန်ပိုင်းတွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲဖို့ သဘောတူခြင်း (သို့) ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြသည်။

အထူးသဖြင့် ကချင်၊ ရှမ်းနှင့် ကရင်ပြည်နယ်များတွင် မြန်မာစစ်တပ်က သူတပါးပိုင်ဆိုင်သည့် ပစ္စည်းများအား ခိုးယူမှု၊ လူသတ်မိုင်းများအားအသုံးပြုမှု၊ ညှဉ်းပန်းသည့်အတင်းလုပ်အားပေးစေခိုင်းမှုများ၊ ရိုက်နက်မှု၊ လိင်အကြမ်းဖက်မှုများ၊ညှဉ်းပန်းနှိပ်စက်မှု၊ ဥပဒေပြင်ပ၌ သတ်ဖြတ်မမြှုများနှင့် လူသတ်မိုင်းများကို ရှင်းလင်းရန်(သို့)တိုက်ခိုက်မှုများမှ အကာအကွယ်ယူရန် အရပ်သားများအား 'လူဒိုင်း'များအဖြစ်အသုံးပြုသည်။ အစိုးရက ကလေးစစ်သားအသုံးပြုမှုကို ရပ်ဆိုင်းရန် အပြည်ပြည်ဆိုင်ရာအလုပ်သမားသမဂ္ဂဖြင့် လုပ်ဆောင်နေစဉ်မှာပင် စစ်တပ်က ကလေးစစ်သားများကိုစုဆောင်းပြီး၊ သုံးနေမြဲဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကလည်း အရပ်သားများနေထိုင်ရာ နေရာများတွင် လူသတ်မိုင်းများသုံးခြင်း၊ ကလေးစစ်သားစုဆောင်းခြင်း စသဖြင့် ဆိုးရွားသည့် ချိုးဖောက်မှုများကို လုပ်ကြသည်။

ကချင်ပြည်နယ်တွင် ဇွန်လ၌  တိုက်ပွဲစတင်ဖြစ်ပွားခဲ့ရာ၊ ၅၀၀၀၀ ထက်မကသော အရပ်သားများမှာ စစ်ပွဲဒဏ်ကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး၊ စစ်တပ်၏ အတင်းလုပ်အားပေးစေခိုင်းမှု၊ ဥပဒေပြင်ပ၌ သတ်ဖြတ်မှု၊အရပ်သားများအပေါ် တိုက်ခိုက်မှုများမှ ထွက်ပြေးခဲ့ကြသည်။ ထောင်ပေါင်းများစွာသော အရပ်သားများက တရုတ်နိုင်ငံသို့ထွက်ပြေးလာ ကြရသည်။ ဒီဇင်ဘာလတွင် သမ္မတသိန်းစိန်က ကချင်ပြည်လွှတ်လပ်ရေး စစ်တပ်အား ပစ်ခတ်မှုများရပ်ဆိုင်းရန် အမိန့်ပေးခဲ့သည်။ သို့သော်မြန်မာနိုင်ငံ မြောက်ပိုင်းတွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ ၂၀၁၂ ဇန္နဝါရီလတွင် တိုင်းရင်းသားဒေသများအားလုံးတွင် ဖြစ်နေသည့် တိုက်ခိုက်မမြှုများကို ရပ်ဆိုင်းရန် တောင်းဆိုချက်ကို ပြန်လည်ပြုခဲ့သည်။

'လာမယ့် ဧပြီလ ရွေးကောက်ပွဲက အစိုးရရဲ့ စစ်မှန်ပြီး အကုန်လုံးပါဝင်နိုင်တဲ့ နိုင်ငံရေးစနစ်ကို စမ်းသပ်ပေးလိမ့်မယ်' [Pearson] ကဆိုသည်။ 'အစိုးရက လူ့အခွင့်အရေးချိုးဖောက်မမြှုများကို ရပ်ဆိုင်းရန် အလေးအနက်ဖြစ်ကြောင်းပြသဖို့အတွက်၊  လွှပ်လပ်သည့် အပြည်ပြည်ဆိုင်ရာ လုပ်ထုံးကို စွပ်စွဲထားတဲ့ ချိုးဖောက်မမြှုများအား စုံးစမ်းစစ်ဆေးဖို့ အစိုးရက ခွင့်ပြုသင့်တယ်။' ဟု ဆိုသည်။

၂၀၁၁ တွင် အစိုးရ၏ပြုပြင်ပြောင်းလဲမဂြာကတိကဝတ်များက အနောက်တိုင်း နိုင်ငံခြားရေးဝန်ကြီးများစွာနှင့် ကိုယ်စားလှယ်တော်များက အတိုက်အခံခေါင်းဆောင်များနှင့် အစိုးရထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံရန် မြန်မာနိုင်ငံသို့သွားရောက်လည်ပတ်ခဲ့ကြသည်။ အာဆီယံအဖွဲ့အစည်းကလည်း ၂၀၁၄ တွင် သဘာပတိတာဝန်ကို မြန်မာနိုင်ငံအား လွှဲပြောင်းပေးခဲ့သည်။

'မြန်မာနိုင်ငံသို့သံတမန်ရေးရာအရ သွားရောက်လည်ပတ်မှုပေါင်းများစွာကြောင့် ရှေ့ဆက်လျှောက်ရမယ့်လုပ်ငန်း လမ်းကြောင်းမှ တိမ်းစောင်းသွားခြင်း မဖြစ်သင့်ဘူး'ဟု [Pearson] ကဆိုသည်။ '၂၀၁၁ ခုနှစ် က ကတိကဝတ်များနဲ့ ပြည့်တဲ့နှစ်ဖြစ်ခဲ့ရင်၊၂၀၁၂ ခုနှစ် မှာ အစိုးရက ကျူးလွန်သူများအား လွှတ်ငြိမ်းခွင့်ပေး နေတဲ့လုပ်ရပ်တွေကို ရပ်ဆိုင်းဖို့လိုတယ်၊ ကျန်ရှိနေသေးတဲ့ နိုင်ငံရေးအကျဉ်းသားများ အားလုံးကို လွှတ်ပေးရမယ်၊ လူ့အခွင့်အရေးများကိုလေးစားပါကြောင်း လက်တွေ့ လုပ်ရပ်များဖြင့်ပြရမယ်။'ဟု ဆိုသည်။